# EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, TOKYO

NEWSLETTER VOLUME NO. 1

DATED: 1st Feb. 2025

| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား |
| ၂။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ် |
| ၃။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ |
| ၄။ | ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား |
| ၅။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား |
| ၆။ | (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပ |
| ၇။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ |
| ၈။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဗန်ကောက်မြို့အခြေစိုက် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နာစီရာဒင် ဟေဒါရီ အားလက်ခံတွေ့ဆုံ |

| | |
|---|---|
| ၉။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာ အား လက်ခံတွေ့ဆုံ |
| ၁၀။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘရူနိုင်းဒါရူဆလမ် နိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက် |
| ၁၁။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န) ဝါဟူစိန် အား လက်ခံတွေ့ဆုံ |
| ၁၂။ | အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် Initiative for ASEAN Integration-IAI သင်တန်းများအပေါ် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ |
| ၁၃။ | ကုန်အမှတ်တံဆိပ် စစ်ဆေးရေးအရာရှိများအတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဂျပန်နိုင်ငံဆိုင်ရာ၊ မြန်မာသံအမတ်ကြီး တက်ရောက်အမှာစကား ပြောကြား |
| ၁၄။ | မြန်မာနိုင်ငံမှ အလုပ်သင် သင်တန်းသားများ လုပ်ကိုင်လျက်ရှိသည့် ဂျပန်နိုင်ငံ၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ မြန်မာသံရုံး၊ တိုကျိုမြို့မှ သံအမတ်ကြီး သွားရောက်လေ့လာကြည့်ရှု |
| ၁၅။ | အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက် |
| ၁၆။ | ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းမှရရှိသည့် အချက် အလက်များနှင့်ပတ်သက်၍ ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်ခြင်း |
| ၁၇။ | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီ များအစုအဖွဲ့၏ အလုပ်အဖွဲ့တို့တွေ့ဆုံဆွေးနွေး |
| ၁၈။ | တနင်္သာရီတိုင်းဒေသကြီးတွင် ရိုဘတ်စတာကော်ဖီစိုက်ဧက ၁၈၀၀ ကျော် တိုးချဲ့စိုက်ပျိုးထားပြီးဖြစ် |
| ၁၉။ | မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ ငါးတန်ချိန် ၂၄၀,၀၀၀ ကျော် ကို ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ခဲ့ |
| ၂၀။ | မြန်မာ့ကင်းပုစွန်ကို ထိုင်းနိုင်ငံမှ ဝယ်လိုအား မြင့်တက်လျက်ရှိ |
| ၂၁။ | တနင်္သာရီတိုင်းဒေသကြီးတွင် ဝဥများ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိ |
| ၂၂။ | အကောက်ခွန်သိုလှောင်ရုံအတွင်း သိုလှောင်ခွင့်ပြုမည့်ကုန်ပစ္စည်းအုပ်စု ၅ ခု၏စာရင်းကိုကုန်သွယ်ရေး ဦးစီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ |
| ၂၃။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ ဓာတ်မြေသြဇာ တန်ချိန် ၁.၄ သန်းကျော်နှင့် ပိုးသတ်ဆေးတန်ချိန် ၂၆,၀၀၀ ကျော် တင်သွင်းခဲ့ |
| ၂၄။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ ၈ လတာ ကာလအတွင်း မြန်မာ့ဆန်ကို အင်ဒိုနီးရှားနိုင်ငံမှ အများဆုံးဝယ်ယူခဲ့ |

| | |
|---|---|
| ၂၅။ | မြန်မာ့ပြောင်းများကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ |
| ၂၆။ | မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ပြည်ပနိုင်ငံများသို့ ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁ သန်း ဝင်ငွေရရှိခဲ့ |
| ၂၇။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ သန်းကျော် တန်ဖိုးရှိ မြန်မာ့ပျားရည်များ ပြည်ပသို့ တင်ပို့နိုင်ခဲ့ |
| ၂၈။ | မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ရော်ဘာတန်ချိန် ၁၅၀,၀၀၀ ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ |
| ၂၉။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လတာ ကာလအတွင်း မြန်မာ့ဆန် တန်ချိန် ၂ သန်းကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ |
| ၃၀။ | မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ထုံးစံကို UNESCO အမွေအနှစ်စာရင်းသို့ အမည်စာရင်းတင်သွင်းရန် ဆောင်ရွက်ခြင်း |
| ၃၁။ | မန္တလေးမြို့ရှိ ရတနာပုံခေတ်လက်ရာ ရွှေနန်းတော်ကျောင်းကြီး |
| ၃၂။ | ၂၀၂၄ ခုနှစ်၌ မြန်မာနိုင်ငံ၏ ပြည်တွင်းခရီးသွားဦးရေမှာ ၁၀ သန်းအထိ ရောက်ရှိခဲ့ |

EMBASSY OF MYANM

## သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁ ရက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်ရှိ သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဒလသင်္ဘောကျင်းသည် မြန်မာနိုင်ငံ၏ရေကြောင်းကဏ္ဍသမိုင်းကို အစပျိုးခဲ့သည့် သင်္ဘောကျင်းတစ်ခုဖြစ်ခြင်းကြောင့် အစဉ်အလာကြီးမားသည့် သမိုင်းဝင်သင်္ဘောကျင်းတစ်ခုဟုဆိုရမည်ဖြစ်ကြောင်း၊ သမိုင်းအထောက်အထားများအရ "ခေတ်မီသင်္ဘောကျင်းအစ ဒလ က" ဟု ခေါ်ဆိုမှတ်တမ်းတင် မော်ကွန်းပြုရမည့်သင်္ဘောကျင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ကိုလိုနီခေတ် ဧရာဝတီ ဖလော်တီလာကုမ္ပဏီမှ သန္ဓေတည်လာခဲ့သည့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ဧရာဝတီ ဖလော်တီလာကုမ္ပဏီသည် ဒလသင်္ဘောကျင်းကို ၁၈၇၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ကုမ္ပဏီ၏အုပ်ချုပ်မှုအောက်ကို စတင်ထည့်သွင်းခဲ့သည်ကိုတွေ့ရကြောင်း၊ ၁၉၄၈ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဧရာဝတီဖလော်တီလာကုမ္ပဏီကို နိုင်ငံပိုင်ပြုလုပ်ခဲ့သည့်အတွက် ဒလသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သမိုင်းစဉ်နှင့်အတူ ယှဉ်တွဲတည်ရှိရှင်သန်ခဲ့သည့် နိုင်ငံပိုင်သင်္ဘောကျင်း တစ်ခုဖြစ်လာခဲ့ကြောင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်းသည် သမိုင်းဝင်ရှေးကျသည့် သင်္ဘောကျင်းတစ်ခုဖြစ်သကဲ့သို့ လက်ရှိကာလအထိ သင်္ဘောကျင်းအတွင်း၌ ရှေးဟောင်းအဆောက်အဦ၊ အလုပ်ရုံ၊ စတိုဂိုဒေါင်များ၊ လွန်းကျင်း လွန်းလမ်းများ ကျန်ရှိနေသေးသည်ကိုလည်းတွေ့မြင်ရကြောင်း၊ ၁၈၈၀ ပြည့်နှစ် မတိုင်မီကတည်းက တည်ဆောက်ခဲ့သည့် ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံ အဆောက် အအုံကြီးသည် တည်ရှိဆဲဖြစ်ပြီး ၁၉၂၀ ပြည့်နှစ်မတိုင်မီက တည်ဆောက်ခဲ့သည့် အလုပ်ရုံများ၊ အဆောက်အဦများ များစွာကျန်ရှိနေသေးသည်ကိုလည်း

EMBASSY OF MYANMAR, TOKYO

တွေ့မြင်ရကြောင်း၊ ယခုကဲ့သို့ သမိုင်းဝင်အဆောက်အအုံများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ရှိကာလအထိ အသုံးပြုနေဆဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှုများအတွက် အသိအမှတ်ပြုဂုဏ်ယူမိကြောင်း။

နိုင်ငံတော်အတွင်း ရေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သမိုင်းဝင်သင်္ဘောကျင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေကြောင်းဆိုင်ရာဌာန အဖွဲ့အစည်းအသီးသီးတို့ ပေါင်းစပ်ကြပြီး နိုင်ငံပိုင်သင်္ဘောကျင်းများအချင်းချင်း ရေယာဉ်တည်ဆောက်မှုဆိုင်ရာ နည်းပညာဖလှယ်မှု၊ နည်းပညာဖြန့်ဝေမှုများပြုလုပ်ကြပြီး ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ကြရန်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနှင့် မြစ်တွင်းသယ်ယူပို့ဆောင်ရေးသာမက ကမ်းရိုးတန်းရေယာဉ်များနှင့် ကမ်းရိုးတန်းကုန်စည်ပို့ဆောင်ရေး၊ ကမ်းရိုးတန်းခရီးစဉ်နှင့် မြစ်တွင်းခရီးစဉ် ပေါင်းစပ်ပြီး ခရီးသည်နှင့်ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဘေးကင်းလုံခြုံစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန်၊ နိုင်ငံတော်၏ရန်ပုံငွေချထားပေးနိုင်မှု၊ ဈေးကွက်ရှိမှုအခြေအနေ၊ စီးပွားရေးအရ အကျိုးအမြတ်ရရှိနိုင်မှုအခြေအနေတို့ကို သုံးသပ်ပြီး ဒလသင်္ဘောကျင်း၏ စွမ်းအားကိုရယူ၍ ကမ်းရိုးတန်းရေကြောင်းမှ ကုန်စည်ပို့ဆောင်နိုင်ရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ ယနေ့ကျင်းပ ပြုလုပ်သည့် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အခမ်းအနားပြုလုပ်နိုင်သကဲ့သို့ ဒလသင်္ဘောကျင်းကဲ့သို့ သမိုင်းဝင်ဌာနဆိုင်ရာ စက်ရုံအလုပ်ရုံအဆောက်အအုံများကို အစဉ်တည်တံ့နေစေရေး အတွက်စောင့်ရှောက်ခြင်း၊ ပြင်ဆင်ခြင်းများနှင့် ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းပြောကြား ခဲ့သည်။

ဒလသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများအနက် ရှေးအကျဆုံးနှင့် အကြီးဆုံးသင်္ဘောကျင်းကြီးတစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များအား စီမံချက်နှင့်အညီ မွမ်းမံခြင်း၊ ပို့ဆောင်မှုလိုအပ်ချက်နှင့် ဒေသရေကြောင်းအခြေအနေ လိုအပ်ချက်များအရ ရေယာဉ်ပုံစံထုတ်လုပ်ခြင်းနှင့် တည်ဆောက်ပေးခြင်း၊ ရေယာဉ်သစ်တည်ဆောက်မှုနှင့် မွမ်းမံပြင်ဆင်မှုများတွင် လိုအပ်သော ရေယာဉ်ဆိုင်ရာပစ္စည်းများနှင့် စက်ပိုင်းဆိုင်ရာပစ္စည်းများ ထုတ်လုပ်ပေးခြင်း၊ တီထွင်စမ်းသပ်ပေးခြင်း၊ အခြားဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှရေယာဉ်များကို တည်ဆောက်ပြင်ဆင်မှုလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ကြောင်း၊ ဒလသင်္ဘောကျင်းသည် အလွန်ရှေးကျသော သမိုင်းဝင်သင်္ဘောကျင်း

EMBASSY OF MYANMAR, TOKYO

ဖြစ်သည်နှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများ၊ လွန်းကျင်းလွန်းလမ်းများ၊ စက်ကရိယာများ အိုမင်းဟောင်းနွမ်းလျက် စွမ်းဆောင်ရည်လျော့နည်းလျက်ရှိနေမှုကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုများဖြင့် လွန်းကျင်းလွန်းလမ်းများ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်း၊ စက်ကိရိယာအသစ်များတပ်ဆင်ခြင်း၊ အဆောက်အဦများ ပြန်လည်မွမ်းမံခြင်းများ ဆောင်ရွက်ထားရှိကြောင်းနှင့် ဒလသင်္ဘောကျင်းအနေဖြင့် ပြောင်းလဲတိုးတက် လာသည့်ကုန်သွယ်မှုစနစ်ကို မျက်ခြည်မပြတ်လေ့လာလျက် တိုးတက်ဖြစ်ထွန်းလာသော လူသားအရင်းအမြစ်အား အခြေခံကာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အနာဂတ်ရည်မှန်းချက်တာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင် ဒလသင်္ဘောကျင်းရှိ တန်-၁၅၀၀ တွဲရေယာဉ်အသစ်အား ကြည့်ရှုစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI သည် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန် ခန်းမဆောင်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနည်းပညာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သည့်အခြေအနေများ၊ ယဉ်ကျေးမှုအပြန်အလှန် ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး တရားဥပဒေစိုးမိုးရေးလိုအပ်မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံတကာမှလေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့်အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

EMBASSY OF MYANMAR TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI အားလက်ခံတွေ့ဆုံစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီး ဖြစ်သော H.E. Dr. Nassereddin HEIDARI က ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီလ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV အား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာတော်သင်များ စေလွှတ်နိုင်ရေးကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV အားလက်ခံတွေ့ဆုံစဉ်။**

## ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဇန်နဝါရီ ၉

ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတစ်ခုကို အဓိကဖန်တီးပုံဖော်ကြသူများသည် ယင်းနိုင်ငံ၏ နိုင်ငံသားများပင်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အသိပညာအတတ်ပညာပြည့်စုံသည့် စဉ်းစားတွေးခေါ်မှု မြင့်မားသည့်နိုင်ငံသားများ ပေါ်များရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ “ပညာ” သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် “အသိဉာဏ်” ကို ရရှိစေကြောင်း၊

နိုင်ငံသားတိုင်း "အသိပညာ" ပြည့်စုံကြမှသာ နိုင်ငံအကျိုးသယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအား ထက်မြက်သည့် အင်အားစုကြီးတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် ပညာရေးဆိုင်ရာ အသုံးချသုတေသနနိုင်ငံတကာညီလာခံ (၂၀၂၅) တွင် ပြည်တွင်းပြည်ပမှ ပညာရပ်ဆိုင်ရာ ထင်ရှားကျော်ကြားသည့်ပုဂ္ဂိုလ်များ နှင့် သုတေသန ပညာရှင်ကြီးများက keynote Speech များနှင့် ပညာဗဟုသုတမျှဝေပေးကြပြီး ဆရာအတတ် ပညာကဏ္ဍ၊ ဝိဇ္ဇာနှင့်သိပ္ပံပညာကဏ္ဍ၊ သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံကဏ္ဍ၊ MSME နှင့် TVET ကဏ္ဍ၊ Natural Language Processing – NLP နှင့် AI Technology ကဏ္ဍစသည့် ကဏ္ဍကြီး (၅) ရပ် တွင် စာတမ်းပေါင်း ၁၀၀ ကျော် ဖတ်ကြားတင်သွင်း ဆွေးနွေးသွားမည်ဟုသိရှိရကြောင်း၊ ထို့အပြင် သုတေသနပိုစတာပြပွဲများနှင့် အားဖြည့်ထားသည့်အတွက် နိုင်ငံတကာသုတေသန လုပ်ငန်းများပူးပေါင်းဆောင်ရွက်မှုခြေလှမ်းအတွက် အားရဂုဏ်ယူကြောင်းကို ပြောကြားလို ကြောင်း၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည် ဆက်စပ်နေသောကြောင့် နိုင်ငံတကာ အစိုးရအနေဖြင့် သုတေသနလုပ်ငန်းများကို အထူးအားပေးသွားကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ညီလာခံကြီးများမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး အသိပညာများ၊ အကြံကောင်း ဉာဏ်ကောင်းများမျှဝေပေးကြရန်၊ ဘာသာရပ်တူသူများ၊ စိတ်ဝင်စားစရာ ပညာရပ်နယ်ပယ်တူ သူများ၊ ရည်မှန်းချက်တူသူများအချင်းချင်း သုတေသနပရောဂျက်များ ပူးပေါင်းဆောင်ရွက်ပြီး ရလဒ်ကောင်းများ ရှာဖွေဖော်ထုတ်ပေးကြရန်၊ သင်ထောက်ကူပစ္စည်းများ၊ သင်ကြားနည်း စနစ်များမျှဝေပေးခြင်း၊ online သင်တန်းများပို့ချခြင်းတို့နှင့် သင်ကြားရေးဆိုင်ရာရင်းမြစ်များ တိုးတက်ရေးအတွက် ဖန်တီးပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အထူးသဖြင့် အရာရာကိုလေ့လာစူးစမ်းပြီး ရလဒ်အပေါ်အခြေခံသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက် လိုကြသည့်လူငယ်လူရွယ်များအတွက် ယခုကဲ့သို့ သုတေသနညီလာခံများ ကျင်းပခြင်းဖြင့် လူငယ်များ၏စူးစမ်းလေ့လာ သုတေသနပြုသည့် သုတေသနယဉ်ကျေးမှုကို ပြုစုပျိုးထောင် ပေးကြရန်စသည်ဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

EMBASSY OF MYANMAR

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် နိုင်ငံတော်၏ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်ကြောင်း၊ ဦးတည်ချက်(၉)ရပ်သည် မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အဆိုပါရှေ့လုပ်ငန်းစဉ်များနှင့်

ဦးတည်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ရန်လိုကြောင်း။

ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေရာခိုင်နှုန်းများ လျော့နည်းနေသေးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းမှုရှိသည့် မြို့နယ်တိုင်းတွင် ကျောင်းနေရာခိုင်နှုန်းများမြင့်မားစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေးကောင်းမွန်စေရေး ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

MSME ထုတ်ကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များ နှင့်ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ချေး ပေးခြင်းဖြင့် လုပ်ငန်းအရှိန်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟု မူဝါဒချမှတ်ပေးထားပြီးဖြစ်သော်လည်း အချို့သောဆေးရုံများ၌ ဆရာဝန်များမရှိကြောင်းသိရှိရသဖြင့် သက်ဆိုင်ရာ နယ်မြေများအလိုက် စိစစ်ဆောင်ရွက်တင်ပြသွားရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းအခက်အခဲများကို နိုင်ငံတော်မှ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

နိုင်ငံရေးသည် စီးပွားရေးမဟုတ်သော်လည်း စီးပွားရေးသည် နိုင်ငံရေးနှင့် နိုင်ငံ့အရေးပင်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးအဘက်ဘက်မှ အားကောင်းမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းအောင် အားလုံးမှ ဝိုင်းဝန်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

## (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော် အလံအလေးပြုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီလ ၄

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော် အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ ရှေ့ရင်ပြင်၌ကျင်းပပြုလုပ်သည်။

အခမ်းအနားကို (၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထား ကွဲလွဲမှုများကို ဥပဒေနှင့်အညီထိန်းသိမ်းဆောင်ရွက်ရေး၊ (၂) နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ထိန်းသိမ်းရေး၊ (၃) စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ် လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး၊ (၄) ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံ ထောင့်စုံဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့်ဆောင်ရွက်ရေး၊ (၅) “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေး

EMBASSY OF MYANMAR, TOKY

တို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေးဟူသည့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ နိုင်ငံတော်အလံကိုလွှင့်တင်သည်။

ထို့နောက်(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်းက အလေးပြုခံစင်မြင့်သို့ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူစိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကိုဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူစိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားစဉ်။



၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပစဉ်။



**တက်ရောက်လာကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူများ နိုင်ငံတော်အလံကို အလေးပြုကြစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

EMBASSY OF MYANMAR

နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center Neighboring Countries Coordination Center (NCCC) ဌာနတာဝန်ခံ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား သံတမန်ဆက်ဆံရေးနှင့်ချစ်ကြည်ရင်းနှီးမှုများ ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ခေါင်းဆောင်များနှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများအချင်းချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက်အစည်းအဝေးများ နှစ်စဉ်

အောင်မြင်စွာကျင်းပနိုင်မှုအခြေအနေများ၊ နယ်စပ်ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် တရားမဝင်လူကုန်ကူးမှုများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံအစိုးရနှင့်တပ်မတော်အကြား ပူးပေါင်းဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ထိုင်းနိုင်ငံမှ မြန်မာရေပိုင်နက်အတွင်း တရားမဝင်ငါးဖမ်းလှေနှင့် လှေလုပ်သားများအပေါ် မြန်မာနိုင်ငံမှအရေးယူထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်လိုသည့်အစီအစဉ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗန်ကောက်မြို့အခြေစိုက် အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နာစီရာဒင် ဟေဒါရီ အားလက်ခံတွေ့ဆုံ

(၇-၁-၂၀၂၅ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ

အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗန်ကောက်မြို့အခြေစိုက် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နာစီရာဒင် ဟေဒါရီ အား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ နံနက် (၁၁၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အီရန် နှစ်နိုင်ငံအကြားရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် ဒေသတွင်းနှင့်နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

EMBASSY OF MYANMAR, TOKYO




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာ
ကုန်လွှဲအပ်ခြင်းခံရသော ဗန်ကောက်မြို့အခြေစိုက် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး
မစ္စတာ နာစီရာဒင် ဟေဒါရီ အား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာ ကုန်လွှဲအပ်ခြင်းခံရသော ဗန်ကောက်မြို့အခြေစိုက် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နာစီရာဒင် ဟေဒါရီ အားလက်ခံတွေ့ဆုံစဉ်။**

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာ အား လက်ခံတွေ့ဆုံ

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာ အား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ ၁၀၃၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် UNOPS က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြပြီး၊ မြန်မာနိုင်ငံနှင့် UNOPS တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးနှင့် ပတ်သက်၍ဆွေးနွေးခဲ့ကြသည်။



**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာ အားလက်ခံတွေ့ဆုံစဉ်။**

EMBASSY OF MYANMAR

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်

(၂၃-၁-၂၀၂၅ ရက်၊ ဘန်ဒါဆရီဘီဂါဝန်)

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး (၂) ဖြစ်သူ ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ယူဆွတ် ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၃ ရက်ထိ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ နံနက်ပိုင်းတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ သံတမန် ရပ်ကွက်ရှိ အသစ်ဆောက်လုပ်လျက်ရှိသော မြန်မာသံရုံးဆောက်လုပ်ရေး တည်နေရာသို့ သွားရောက်၍ လိုအပ်သည်များကိုမှာကြားကာ အဆောက်အအုံအုတ်မြစ်သွန်းလောင်းပေးသည်။

ထိုနောက်မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့အကြား သံတမန်မြေအပြန်အလှန်လဲလှယ်ရေး သဘောတူစာချုပ်အရ ရရှိထားသည့် မြေကွက်သုံးကွက်အနက် ကျန်ရှိသော သံတမန်လူနေ ရပ်ကွက်ရှိ သံရုံးပိုင်မြေကွက် နှစ်ကွက်သို့ သွားရောက်၍ မြန်မာသံရုံးဝန်ထမ်းများအတွက် နေအိမ်ဆောက်လုပ်နိုင်မှုအခြေအနေကို လေ့လာကြည့်ရှုစစ်ဆေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ ညပိုင်းတွင် အိမ်ရှင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး-၂ က ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား Rumbia Restaurant ၌ ညစာဖြင့် တည်ခင်း ဧည့်ခံခဲ့သည်။


ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး-၂ နှင့် ASSARRAA VIP Guest House Villa-2 ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ မွန်းလွဲပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ အား Istana Nurul Iman နန်းတော်၌ ဂါဝရပြုတွေ့ဆုံခဲ့ပါသည်။ အဆိုပါတွေ့ဆုံမှုများတွင် နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ပြည်သူအချင်းချင်း ဆက်ဆံရေးဆိုင်ရာ အစရှိသော ကဏ္ဍများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ အာဆီယံ အပါအဝင်ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ
ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီဟာဆာနယ်လ်
ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာ အား Istana Nurul Iman နန်းတော်၌ ဂါရဝပြုတွေ့ဆုံစဉ်။

EMBASSY OF MYANMAR, TOKYO



ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး (၂) ဖြစ်သူ ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ယူဆွတ် မှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



**ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး-၂ က ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံစဉ်။**

EMBASSY OF MYANMAR

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န) ဝါဟူစိန် အား လက်ခံတွေ့ဆုံ

(၂၂-၁-၂၀၂၅ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န) ဝါဟူစိန် အား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ (၁၁၃၀)နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် စီးပွားရေးမိတ်ဖက်ဆက်ဆံရေးကိုမြှင့်တင်ရန်နှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်သစ်များ ရှာဖွေရန်တို့ကိုအလေးထား၍ နှစ်နိုင်ငံဆက်ဆံရေးခိုင်မာလာရေး အခွင့်အလမ်းများကို ဆွေးနွေး ခဲ့ကြပါသည်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န) ဝါဟူစိန် အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န) ဝါဟူစိန် အား လက်ခံတွေ့ဆုံစဉ်။

## အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် Initiative for ASEAN Integration-IAI သင်တန်းများအပေါ် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

(၂၁-၁-၂၀၂၅ရက်၊ နေပြည်တော်)

၂၀၂၄ ခုနှစ်အတွင်း မြန်မာ-စင်ကာပူသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် Initiative for ASEAN Integration-IAI သင်တန်းများအပေါ် ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးကို ၂၁-၁-၂၀၂၅ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ချင်းတွင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်က အမှာစကားပြောကြားရာတွင် အာဆီယံ၌ မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန်၊ ပြည်တွင်းကဏ္ဍအသီးသီးမှ အချိတ်အဆက်မိမိညှိနှိုင်းဆောင်ရွက်ရန်၊ အာဆီယံ၏ ယန္တရားများမှတစ်ဆင့် မိမိတို့နိုင်ငံ၏လူမှုအကျိုးစီးပွား၊ နိုင်ငံရဲ့မူဝါဒများနှင့်ဦးစားပေးအစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ကဏ္ဍအသီးသီးမှ တာဝန်ရှိကြသည့်ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရေး နည်းလမ်းများရှာဖွေကြရန် တိုက်တွန်းခဲ့သည်။

ဒုတိယဝန်ကြီးက အာဆီယံပေါင်းစည်းရေးဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် Initiative for ASEAN Integration-IAI သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် CLMV နိုင်ငံများကိုဦးတည်၍ ဖွံ့ဖြိုးရေးကိုဦးစားပေးဆောင်ရွက်ပေးနေသည့်လုပ်ငန်းစဉ်ဖြစ်ပြီး စင်ကာပူနိုင်ငံသည် အာဆီယံ၏ ဖွံ့ဖြိုးမှုဆိုင်ရာအကူညီများ၊ စွမ်းရည်မြှင့်တင်ရေးအတွက် အဓိကဦးစားပေးပံ့ပိုးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း တက်ရောက် ခဲ့သော သင်တန်းများ၏ အားနည်းချက်/ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး ၂၀၂၅ ခုနှစ်တွင် ဝန်ကြီးဌာနများ၏ လိုအပ်ချက်များနှင့်ကိုက်ညီသော ထိရောက်အကျိုးရှိသည့် သင်တန်းများအဆိုပြုရန် တိုက်တွန်းခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO




၂၀၂၄ ခုနှစ်အတွင်း မြန်မာ-စင်ကာပူသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် Initiative for ASEAN Integration-IAI သင်တန်းများအပေါ် ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်အမှာစကားပြောကြားစဉ်။



# ကုန်အမှတ်တံဆိပ် စစ်ဆေးရေးအရာရှိများအတွက် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဂျပန်နိုင်ငံဆိုင်ရာ၊ မြန်မာသံအမတ်ကြီး တက်ရောက်အမှာစကားပြောကြား

(၂၁-၁-၂၀၂၅ ရက်၊ တိုကျို)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ တိုကျိုမြို့နှင့် အာဆီယံ-ဂျပန်စင်တာတို့၏ပူးပေါင်းစီစဉ်မှုဖြင့် ကုန်အမှတ်တံဆိပ်စစ်ဆေးရေး အရာရှိများအတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ သင်္ဂဟဟိုတယ်၌ကျင်းပခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန် အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်နှင့် အာဆီယံ-ဂျပန်စင်တာ၏ Research and Policy Advocacy Team မှ Assistant Director ဖြစ်သူ Ms. Deborah Nicole Danker တို့က အမှာစကား အသီးသီးပြောကြားခဲ့ပါသည်။

ကုန်အမှတ်တံဆိပ် စစ်ဆေးရေးအရာရှိများအတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ စုစုပေါင်း(၇၀)ဦး တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ၄ ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO



**အာဆီယံ-ဂျပန် စင်တာတို့၏ပူးပေါင်းစီစဉ်မှုဖြင့် ကုန်အမှတ်တံဆိပ် စစ်ဆေးရေးအရာရှိများအတွက် ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ သံအမတ်ကြီး ဦးစိုးဟန် အွန်လိုင်းမှတစ်ဆင့် အမှာစကားပြောကြားစဉ်။**




**အာဆီယံ-ဂျပန် စင်တာတို့၏ပူးပေါင်းစီစဉ်မှုဖြင့် ကုန်အမှတ်တံဆိပ် စစ်ဆေးရေးအရာရှိများအတွက် ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ သံအမတ်ကြီး ဦးစိုးဟန် အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်စဉ်။**

# မြန်မာနိုင်ငံမှ အလုပ်သင် သင်တန်းသားများ လုပ်ကိုင်လျက်ရှိသည့် ဂျပန်နိုင်ငံ၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ မြန်မာသံရုံး၊ တိုကျိုမြို့မှ သံအမတ်ကြီး သွားရောက်လေ့လာကြည့်ရှု

မြန်မာနိုင်ငံမှ နည်းပညာအလုပ်သင် သင်တန်းသားများ ခေါ်ယူလျက်ရှိသည့် ဂျပန်နိုင်ငံ၊ ကြီးကြပ်အဖွဲ့အစည်း Enterprise United Co-operative (EUC) မှ ဖိတ်ကြားလာမှုအရ မြန်မာသံရုံး၊ တိုကျိုမြို့မှ သံအမတ်ကြီး ဦးစိုးဟန်သည် ဂျပန်နိုင်ငံရှိ ဆောက်လုပ်ရေးကုမ္ပဏီကြီး ဖြစ်သည့် MUKAI Construction Co., Ltd. ရုံးချုပ်နှင့် မြန်မာနိုင်ငံမှ အလုပ်သင် သင်တန်းသားများဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် တိုကျိုမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီတွင် သွားရောက်လေ့လာကြည့်ရှုခဲ့ပါသည်။

MUKAI Construction Co., Ltd. ရုံးချုပ်တွင် Enterprise United Co-operative (EUC) မှ Chairman, Mr. Hanzaki Kazuhiro မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ သံအမတ်ကြီး ဦးစိုးဟန်မှ အမှာစကားပြောကြားခြင်း၊ MUKAI Construction Co., Ltd. ၏ Supreme Advisor Mr. Toshio Mukai မှ နှုတ်ဆက်စကား ပြောကြားခြင်း၊ MUKAI Construction Co., Ltd. မှ မြန်မာအလုပ်သမားများအား ကျွမ်းကျင်မှုသင်တန်းပေးခြင်းနှင့် ခေါ်ယူခန့်ထားရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

သံအမတ်ကြီးမှ နှုတ်ခွန်းဆက် အမှာစကားပြောကြားရာ၌ EUC အနေဖြင့် မြန်မာနိုင်ငံမှ အလုပ်သင် သင်တန်းသားများ ဂျပန်နိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့်အခြေအနေအား လေ့လာနိုင်ရန်ဖိတ်ကြားခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ ဂျပန်နိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍအပါအဝင် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး ကဏ္ဍ၊ အစားအသောက်လုပ်ငန်းကဏ္ဍ၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ စသည့်ကဏ္ဍ အသီးသီးတွင် မြန်မာနိုင်ငံမှ အလုပ်သင် သင်တန်းသားများ၊ ကျွမ်းကျင်အလုပ်သမားများ၏ ကြိုးစားမှုနှင့် စွမ်းဆောင်ရည်များကြောင့် အလုပ်ရှင်များ၏ နှစ်သက်သဘောကျမှုများကို ကြားသိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံတွင် လာရောက် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံမှ အလုပ်သင် သင်တန်းသားများအပါအဝင် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပါကြောင်း စသည်ဖြင့်ပြောကြားခဲ့ပါသည်။

EMBASSY OF MYANMAR TOKYO

မွန်းလွဲပိုင်းတွင် သံအမတ်ကြီးသည် တိုကျိုမြို့ရှိ Tokiwa Bridge ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့သွားရောက်၍ မြန်မာနိုင်ငံမှ နည်းပညာအလုပ်သင် သင်တန်းသားများ ပါဝင် လုပ်ကိုင်ဆောင်ရွက်နေမှုကို လေ့လာကြည့်ရှုခြင်း၊ မြန်မာနည်းပညာအလုပ်သင် သင်တန်းသား များအား သံအမတ်ကြီးမှ အားပေးနှုတ်ဆက်စကားပြောကြားခြင်း၊ မြန်မာအစားအစာများ လက်ဆောင်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



**MUKAI Construction Co., Ltd. မှ မြန်မာအလုပ်သမားများအား ကျွမ်းကျင်မှုသင်တန်းပေးခြင်းနှင့် ခေါ်ယူခန့်ထားရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြစဉ်။**

EMBASSY



**သံအမတ်ကြီးသည် တိုကျိုမြို့ရှိ Tokiwa Bridge ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့သွားရောက်၍ မြန်မာနိုင်ငံမှ နည်းပညာအလုပ်သင် သင်တန်းသားများ ပါဝင်လုပ်ကိုင် ဆောင်ရွက်နေမှုကို လေ့လာကြည့်ရှု၍ အားပေးနှုတ်ဆက်စကားပြောကြားစဉ်။**

EMBASSY OF MYANMAR



မြန်မာနည်းပညာအလုပ်သင် သင်တန်းသားများအား သံအမတ်ကြီးမှ
မြန်မာအစားအစာများ လက်ဆောင်ပေးအပ်စဉ်။

# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

၁၉-၁-၂၀၂၅ ရက်၊ လန်ကာဝီမြို့၊ မလေးရှားနိုင်ငံ

မလေးရှားနိုင်ငံ၊ လန်ကာဝီမြို့၌ ၁၉-၁-၂၀၂၅ ရက်တွင်ပြုလုပ်ခဲ့သည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်း အတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။ အစည်း အဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် တို့တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်အတွင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မည့်အစီအစဉ်များ ဆွေးနွေးပြောကြားခဲ့ပြီး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက အာဆီယံမိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေး၊ အာဆီယံ၏ ပြင်ပဆက်ဆံရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများနှင့် အာဆီယံ၏ တူညီဆန္ဒ (၅) ချက် အကောင်ထည်ဖော်မှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က အာဆီယံ၏ တူညီဆန္ဒ (၅)ချက်အပေါ် မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

၁၈-၁-၂၀၂၅ ရက်တွင် ပြုလုပ်ခဲ့သည့် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး သို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် - ၂၀၄၅ ရေးဆွဲမှုအခြေအနေ၊ အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်အဖွဲ့ဝင်အဖြစ် လျှောက်ထားမှုအခြေအနေနှင့် အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေးအခြေအနေ တို့အားဆွေးနွေးခဲ့ကြပြီး၊ မြန်မာနိုင်ငံမှ အာဆီယံ-ရုရှား ဆက်ဆံရေးညှိနှိုင်းမှုတာဝန်များ ဆောင်ရွက်ကာ နှစ်ဖက်ဆက်ဆံရေးမြှင့်တင်နိုင်မည့် နည်းလမ်းများရှာဖွေသွားရန်ရှိကြောင်း ဆွေးနွေးခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO




စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။



အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်စဉ်။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းမှရရှိသည့် အချက်အလက်များနှင့် ပတ်သက်၍ ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်ခြင်း

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းမှရရှိသည့် အချက်အလက်များနှင့်ပတ်သက်၍ ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-2) ၌ ကျင်းပသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အခြားသောလူဦးရေစာရင်းကောက်ယူမှတ်တမ်းတင်ခြင်းလုပ်ငန်းများနှင့်မတူညီဘဲအချိန်ကာလကြာမြင့်စွာ၊ ဘဏ္ဍာငွေများစွာဖြင့် စနစ်တကျစီမံဆောင်ရွက်ရသည့် နိုင်ငံတော်စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရန် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ်သတ်မှတ်၍ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးနှင့်လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် ဒေသအချို့တွင် ရက်တိုးမြှင့်ကောက်ယူခဲ့သည်များလည်းရှိပါကြောင်း။

ပင်မအစီရင်ခံစာကို အသေးစိတ်ပြုစုကာ ၂၀၂၅ ခုနှစ် မကုန်မီထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အစီရင်ခံစာများ၊ ဘာသာရပ်အလိုက်သုတေသနစာတမ်းများကိုလည်း ဆက်လက်ပြုစု၍ အဆင့်ဆင့်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ယခုသန်းခေါင်စာရင်းကောက်ယူရာတွင် လုံခြုံရေးနှင့်လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် တစ်စိတ်တစ်ဒေသသာကောက်ယူနိုင်သည့် မြို့နယ်များရှိသကဲ့သို့ လုံးဝမကောက်ယူနိုင်သည့် မြို့နယ်များလည်းရှိပါကြောင်း၊ မကောက်ယူနိုင်သည့် ဒေသများတွင်ရှိသည့်လူဦးရေကို လူဦးရေပညာ၊ Remote Sensing နည်းပညာ၊ နိုင်ငံတကာ အကြံပေး၏ ခန့်မှန်းတွက်ချက်မှု၊ ဌာနဆိုင်ရာစာရင်းအင်းများ စသည်တို့ကို အသုံးပြု၍ခန့်မှန်းလူဦးရေစာရင်းကို တွက်ချက်ထားခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းက ရရှိသည့် မြန်မာနိုင်ငံအတွင်းရှိ လူဦးရေမှာ ၅၁၃၁၆၇၅၆ ဦးဖြစ်ကြောင်းကို အသိပေးကြေညာအပ်ပါကြောင်း၊ ယင်းစာရင်းမှာ သန်းခေါင်စာရင်းကောက်ယူရရှိသည့် လူဦးရေ ၃၂၁၉၁၄၀၇ ဦးဖြစ်ပြီး

EMBASSY OF MYANMAR, TOKYO

စာရင်းမကောက်ယူနိုင်သည့်ဒေသများ၏ ခန့်မှန်းလူဦးရေ ၁၉၁၂၅၃၄၉ ဦးတို့ဖြစ်ပါကြောင်း၊ ယင်းတို့အနက် အမျိုးသား ၁၅၁၀၅၂၁၅ဦး၊ အမျိုးသမီး ၁၇၀၈၆၁၈၂ ဦးဖြစ်ပြီး၊ အမျိုးသား၄၆ ဒသမ ၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ လူဦးရေအချိုးကို လေ့လာကြည့်ပါက ရန်ကုန်တိုင်းဒေသကြီးတွင် ၁၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ကယားပြည်နယ်တွင် ၀ ဒသမ ၆ ရာခိုင်နှုန်းဖြင့် လူဦးရေအနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုကိုကြည့်မည်ဆိုပါက ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းအရ ၇ ဒသမ ၇ သန်းသာရှိပြီး ၁၉၀၁ ခုနှစ်တွင် ၁၀ ဒသမ ၅ သန်း၊ ၁၉၂၁ခုနှစ်တွင် ၁၃ ဒသမ ၂သန်း၊ ၁၉၇၃ ခုနှစ်တွင် ၂၈ ဒသမ ၉ သန်း၊ ၁၉၈၃ ခုနှစ်တွင် ၃၅ ဒသမ ၃သန်းအထိ တိုးမြင့်လာပြီး ၂၀၁၄ ခုနှစ်တွင် ၅၁ ဒသမ ၅ သန်းရှိခဲ့ရာမှ ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် ခန့်မှန်းတွက်ချက်မှုအပါအဝင် မြန်မာနိုင်ငံ၏ လူဦးရေ မှာ ၅၁ ဒသမ ၃ သန်းကျော်ဖြစ်ခြင်းကြောင့် လွန်ခဲ့သည့် ၁၀ နှစ်က လူဦးရေထက် အနည်းငယ် လျော့နည်းနေသည်ကိုတွေ့ရပါကြောင်း၊ လူဦးရေပြောင်းလဲခြင်းသည် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရွှေ့ပြောင်းခြင်းဆိုသည့် အကြောင်းရင်း(၃)ရပ်ကြောင့် ဖြစ်သည့်အတွက် ပင်မအစီရင်ခံစာ ထုတ်ပြန်ချိန်တွင် အကြောင်းရင်းကို လေ့လာဖော်ထုတ်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



**ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းမှရရှိသည့် အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၃

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို (၂၃-၁-၂၀၂၅) ရက်နေ့တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများနှင့် ဆွေးနွေးညှိနှိုင်းခဲ့မှုအခြေအနေ၊ နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ အကြံပြုချက်များ အပေါ် လိုအပ်သလိုအရေးယူ ဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူလူထုအကြား ပျံ့နှံ့ရောက်ရှိစေပြီး တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ NCA ကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လက်ရှိ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေ များနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဦးကိုကိုကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးပွဲကျင်းပသည့်

EMBASSY OF MYANMAR, TOKYO

ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲအစီအစဉ်များ၊ လက်ရှိနိုင်ငံရေးအခြေအနေ၊ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍအရေးပါမှုနှင့် NSPNC နှင့် နိုင်ငံရေးပါတီများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့က ဆွေးနွေးလိုသည့် အချက်များကို အဆိုပြုတင်ပြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များနှင့်ပတ်သက်၍ လက်ရှိအချိန်အထိ သဘောထားစုစည်းရရှိချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲဒုတိယနေ့ကို (၂၄-၁-၂၀၂၅) ရက်နေ့တွင် ဆက်လက်ကျင်းပရာ အထွေထွေဆွေးနွေးခြင်းကဏ္ဍ၌ နိုင်ငံရေးပါတီကိုယ်စားလှယ်များက ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှုရရှိရန် လုပ်ဆောင်သင့်သော အစီအမံများအား အကြံပြုဆွေးနွေးခြင်းကိစ္စရပ်များ၊ ပြည်သူများ၏ လိုအပ်ချက်များကို ဥပဒေကြောင်းအရ ဖြည့်ဆည်းပေးနိုင်ရေးကိစ္စရပ်များ၊ လက်ရှိနိုင်ငံရေးအခင်းအကျင်းနှင့် အစိုးရနှင့်ပြည်သူ လက်တွဲ၍ ကျော်လွှားနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးဝါဒမှိုင်းများကြောင့် ဖြစ်ပေါ်လာသော PDF များကို နိုင်ငံတော်ရင်ခွင်သို့ ပြန်လည်ဝင်ရောက်မှု များပြားလာစေရေး အကြံပြုတင်ပြခြင်းကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ အရေအတွက်တိုးမြှင့်ခေါ်ယူရေး အကြံပြုချက်များအား ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ၂ ရက်တာတွေ့ဆုံဆွေးနွေး ညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့် ဆက်လက်ဆွေးနွေးရန်လိုအပ်သည့် နှစ်ဖက်အဆိုပြုချက်များ၊ နှစ်ဖက်ညှိနှိုင်းရရှိသည့် သဘောထားများကို သဘောထားစုစည်းချက်အဖြစ် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

EMBASSY OF MYANMAR, TOKYO



**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့တွေ့ဆုံဆွေးနွေးစဉ်။**

## တနင်္သာရီတိုင်းဒေသကြီးတွင် ရိုဘတ်စတာကော်ဖီစိုက်ဧက ၁၈၀၀ ကျော် တိုးချဲ့စိုက်ပျိုးထားပြီးဖြစ်

၂၀၂၄ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၌ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည့် ရိုဘတ်စတာကော်ဖီစိုက်ဧက ၁,၈၇၄ ဧက တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၌ ကော်ဖီစိုက်ဧက ၁,၁၄၈ ဧက ရှိခဲ့ရာမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကော်ဖီစိုက်ဧက ၃,၀၂၂ ဧက အထိများပြားလာခဲ့ပါသည်။ လက်ရှိတွင် ထားဝယ် ခရိုင်ရှိ ၄၇၀ ဧက၊ မြိတ်တွင် ဧက ၁၂၀၀၊ ဘုတ်ပြင်းတွင် ၈၄၅ ဧကနှင့် ကော့သောင်းတွင် ၅၀၇ ဧကတို့၌ ကော်ဖီစိုက်ပျိုးလျက် ရှိပါသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအထိ ၅၃ ဧကမှာ ရိတ်သိမ်းနိုင်ပြီ ဖြစ်သည့်အတွက် ၁ ဧကလျှင် ၁၂၇ ပိဿာ အထွက်နှုန်းဖြင့် ၆၇၆၀ ပိဿာ ထွက်ရှိနိုင်မည်ဖြစ်ပါသည်။ ယခင်နှစ်အလားတူကာလတွင် ကော်ဖီ စိုက်ဧက ၂၉၀ ဧကမှ ၄၃,၃၈၆ ပိဿာ ထွက်ရှိခဲ့ပါသည်။

အီကွေတာနှင့်နီးသည့်ဒေသများတွင် ရိုဘတ်စတာကော်ဖီ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့်အတွက် တနင်္သာရီတိုင်းဒေသကြီးတွင် ရိုဘတ်စတာကော်ဖီများ စိုက်ပျိုးအောင်မြင်လျက်

EMBASSY OF MYANMAR

ရှိခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ ရိုဘတ်စတာကော်ဖီသည် စိုက်ပျိုးပြီး ၄ နှစ်မှ ၅ နှစ်အကြာတွင် ရိတ်သိမ်းနိုင်ပြီး၊ ရိတ်သိမ်းကာလမှာ ဒီဇင်ဘာလမှ ဇန်နဝါရီလအထိ ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကော်ဖီစေ့ကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက် ရှိပါသည်။

ကော်ဖီကို နှစ်ရှည်သီးနှံများဖြစ်သည့် ရော်ဘာနှင့် ကွမ်းပင်များအကြားတွင် ကြားသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြပါသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးစေ့နှင့် စိုက်ပျိုးနည်းစနစ်များပံ့ပိုးပေးခြင်းဖြင့် တောင်သူများ အထွက်နှုန်းတိုးကာ ဝင်ငွေကောင်းမွန်လာစေရေး၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

**Source: The Global New Light of Myanmar (17-12-2024)**



## မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ ငါးတန်ချိန် ၂၄၀,၀၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ ၈ လတာကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၂၅၆.၆ သန်းတန်ဖိုးရှိ ငါး တန်ချိန် ၂၄၀,၀၀၀ ကို တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ ၈ လတာကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ငါးတင်ပို့မှုမှာ ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၃၉ သန်းကျော် များပြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ သို့ ပင်လယ်ရေကြောင်းနှင့် ကုန်းကြောင်းတို့မှ တစ်ဆင့်တင်ပို့လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ငါးသလောက်၊ ငါးခူ၊ ကကတစ်ငါး၊ ငါးမြစ်ခြင်း၊ ငါးရှဉ့်၊ ပုစွန်၊ ဂဏန်းစသည့် ရေထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ငါးပြုပြင်ထုတ်လုပ်သည့် စက်ရုံ ၁၄၀ ကျော်ရှိကြောင်း သိရှိရပါသည်။

**Source: The Global New Light of Myanmar (20-12-2024)**



# မြန်မာ့ကင်းပုစွန်ကို ထိုင်းနိုင်ငံမှ ဝယ်လိုအား မြင့်တက်လျက်ရှိ

မြန်မာ့ကင်းပုစွန်များကို ရန်ကုန်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိပြီး၊ လက်ရှိတွင် ဝယ်လိုအားမြင့်တက်လျက်ရှိပါသည်။ ကင်းပုစွန်၊ ကျောက်ပုစွန် အရှင်များနှင့် ငါးသားလောက်တို့ကို ရန်ကုန်မှ ထိုင်းနိုင်ငံသို့ လေကြောင်းဖြင့် တင်ပို့လျက်ရှိပါသည်။

လက်ရှိတွင် ကင်းပုစွန်မှာ ဝယ်လိုအားအများဆုံးဖြစ်ပြီး၊ ကျောက်ပုစွန်နှင့် ငါးသားလောက်တို့ကိုလည်း ထိုင်းနိုင်ငံသို့ အများအပြားတင်ပို့လျက်ရှိကာ ထိုင်းနိုင်ငံဘက်မှ ဝယ်လိုအားလည်း ကောင်းမွန်လျက်ရှိပါသည်။ ၁ ကီလိုအထက် အလေးချိန်ရှိသည့် ငါးသားလောက် ၁ ပိဿာလျှင် ကျပ် ၂၅၀,၀၀၀ နီးပါးအထိ ဈေးကောင်းရလျက်ရှိကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံတွင် ကင်းပုစွန်စားသုံးမှု မြင့်တက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံမှ ကုန်သည်များအနေဖြင့်လည်း ထိုင်းနိုင်ငံသို့ ကင်းပုစွန်တင်ပို့ရန် စိတ်ဝင်စားလျက်ရှိကြကြောင်းသိရှိရပါသည်။

**Source: The Global New Light of Myanmar (12-12-2024)**



EMBASSY OF MYANMAR, TOKYO

## တနင်္သာရီတိုင်းဒေသကြီးတွင် ဝဥများ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိ

တနင်္သာရီတိုင်းဒေသကြီးတွင် စီးပွားဖြစ် ဝဥထုတ်လုပ်ရောင်းချမှုများ များပြားလာလျက်ရှိပြီး ဝဥများ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရှိရပါသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေထိုင်သူများအနေဖြင့် ရော်ဘာနှင့် ကွမ်းသီးကဲ့သို့သော နှစ်ရှည်သီးနှံများကို အဓိကထားစိုက်ပျိုးလျက် ရှိပြီး၊ လက်ရှိတွင် ကော်ဖီ၊ ဝဥနှင့် ကိုကိုးအပင်များကို ကြားသီးနှံအဖြစ် စိုက်ပျိုးလျက် ရှိပါသည်။ ဝဥကို ပြည်တွင်း၌ ရောင်းချရလျက်ရှိသည့်အပြင် ဝဥခြောက်နှင့် ဝဥမှုန့်တို့အဖြစ် တန်ဖိုးမြှင့် ထုတ်လုပ်ကာ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ရောင်းချလျက် ရှိပါသည်။ ဝဥတွင် Glucomannan အမျှင်ဓာတ် ကြွယ်ဝစွာပါရှိပြီး၊ ဝဥကုန်ကြမ်းများကို အစားအစာနှင့် အဖျော်ယမကာများ၊ အလှကုန်များ၊ တိုင်းရင်းဆေးများ၊ တန်ဖိုးမြှင့် ဆေးဝါးလုပ်ငန်းများ ထုတ်လုပ်ရာတွင် အသုံးပြုလျက် ရှိပါသည်။ ထို့ပြင် ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ်လည်း အသုံးပြုလျက်ရှိပါသည်။

ဝဥကို နှစ်စဉ် မေလမှ ဇွန်လအထိ စိုက်ပျိုးကာ ဒီဇင်ဘာလတွင် ရိတ်သိမ်းလျက်ရှိပြီး စိုက်ပျိုးစရိတ်မှာ တစ်ဧကလျှင်ကျပ် ၆ သန်းကုန်ကျပြီး၊ ဝဥရောင်းချမှုမှ တစ်ဧကလျှင် ကျပ် ၁၀ သန်းမှ ၁၂ သန်းအထိ ဝင်ငွေရရှိလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ချင်းပြည်နယ်၌ ဝဥကို အများဆုံးစိုက်ပျိုးလျက် ရှိပြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးလျက် ရှိပါသည်။ အမြတ်အများအပြားရရှိခြင်းနှင့် ပြည်ပဝယ်လိုအား များပြားလာခြင်းတို့ကြောင့် ဝဥကို ပိုမိုစိုက်ပျိုးလာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် ဝဥကို ရေဖြူ၊ ကလိန်အောင်၊ ထားဝယ်၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ၊ ပလောက်၊ ဘုတ်ပြင်းနှင့် မော်တောင်စသည့် ဒေသများတွင် စိုက်ပျိုးလျက် ရှိကြပါသည်။

EMBASSY OF MYANMAR, TOKYO

**Source: The Global New Light of Myanmar (22-12-2024)**



## အကောက်ခွန်သိုလှောင်ရုံအတွင်း သိုလှောင်ခွင့်ပြုမည့် ကုန်ပစ္စည်းအုပ်စု ၅ ခု၏ စာရင်းကို ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပြန်ကြေညာခဲ့

မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန အနေဖြင့် ကုန်စည်လိုင်း ၆၈၆ လိုင်းနှင့် CMP စနစ်ဖြင့် တင်သွင်းလာမည့် ကုန်ကြမ်းများနှင့် အခြားသော စက်ပစ္စည်းများ အပါအဝင် ကုန်ပစ္စည်း အုပ်စု ၅ ခုကိုသာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ အကောက်ခွန်သိုလှောင်ရုံအတွင်း သိုလှောင်ခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ကုန်စည်လိုင်း ၁,၁၀၀ ပါဝင်သော ကုန်စည်အုပ်စု ၄ ခုကိုသာ သွင်းကုန်လိုင်စင် ကြိုတင်ရယူရန်မလိုအပ်ဘဲ အကောက်ခွန်သိုလှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုမည် ဖြစ်ကြောင်း ၃၀-၅-၂၀၂၄ ရက်နေ့တွင် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာအမှတ် (၂/၂၀၂၄) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ ကုန်စည်အုပ်စု ၄ ခုပါ ကုန်စည်လိုင်း ၁,၁၀၀ လိုင်းအား အကောက်ခွန် သိုလှောင်ရုံအတွင်း ထည့်သွင်းခွင့်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိသာ ခွင့်ပြုသွားမည်ဖြစ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ ကုန်စည်လိုင်း ၆၈၆ လိုင်းနှင့် အထည်ချုပ်လုပ်ငန်းအတွက် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းနှင့် စက်

EMBASSY OF MYANMAR, TOKYO

ပစ္စည်းများစသည့် ကုန်စည်အုပ်စု ၅ ခုကိုသာ အကောက်ခွန်သို့လှောင်ရုံအတွင်း ထည့်သွင်းခွင့် ပြုသွားမည် ဖြစ်ပါသည်။ ကုန်သွယ်ရေးဦးစီးဌာနမှ အကောက်ခွန်သို့လှောင်ရုံအတွင်း ထည့်သွင်းခွင့် ပြုသွားမည့် ကုန်စည်အုပ်စု ၅ စုတွင် ဆေးဝါးများနှင့်သက်ဆိုင်သည့် ကုန်စည်လိုင်း (၁၁၀) လိုင်း၊ လျှပ်စစ်သုံးယာဉ်အမျိုးမျိုး (လူစီးယာဉ်- အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ် နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ သတ်မှတ်တန်ဖိုး Standard Grade အထက်မဖြစ်ရ) ၊ တက္ကစီ၊ အများသုံးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်} နှင့်ဆက်စပ်ပစ္စည်းများနှင့်သက်ဆိုင်သော ကုန်စည်လိုင်း (၁၂) လိုင်း၊ စက်မှုကုန်ကြမ်းများနှင့် စက်မှုလုပ်ငန်းသုံး ဓာတုကုန်ကြမ်းပစ္စည်းများနှင့်သက်ဆိုင်သည့် ကုန်စည်လိုင်း(၅၃၉)လိုင်း၊ စားသောက်ကုန်ကြမ်း ပစ္စည်းများနှင့် သက်ဆိုင်သည့် ကုန်စည်လိုင်း (၂၅)လိုင်းနှင့် အထည်ချုပ်လုပ်ငန်း (လက်ခစား စနစ်)အတွက် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစသော ကုန်စည်များပါဝင်ပါသည်။

CMP စနစ်ဖြင့် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်၍ အကောက်ခွန်သို့လှောင်ရုံအတွင်း ထည့်သွင်းခွင့် ပြုသွားမည်ဖြစ်ပါသည်။ ထို့ပြင် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ သတ်မှတ်ချက်အထက် တန်ဖိုးမြင့် လျှပ်စစ်သုံး လူစီးယာဉ်များအား အကောက်ခွန် ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိသာ ခွင့်ပြုသွားမည်ဖြစ်ပြီး၊ တက္ကစီ၊ အများသုံးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များကို ယခင်အတိုင်း ဆက်လက်ထည့်သွင်းခွင့်ပြုသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

Source: The Global New Light of Myanmar (27-12-2024)

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ ဓာတ်မြေသြဇာ တန်ချိန် ၁.၄ သန်းကျော်နှင့် ပိုးသတ်ဆေးတန်ချိန် ၂၆,၀၀၀ ကျော် တင်သွင်းခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လတာ ကာလအတွင်း မြန်မာနိုင်ငံ အနေဖြင့် ပြည်ပမှ ဓာတ်မြေသြဇာတန်ချိန် ၁.၄ သန်းကျော် တင်သွင်းခဲ့ကြောင်း ယူရီးယား ဓာတ်မြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ထုတ်ပြန်ချက်အရ သိရှိရ ပါသည်။

ယူရီးယားဓာတ်မြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ ပြည်ပမှဝယ်ယူတင်သွင်းနိုင်ရေးအတွက် သွင်းကုန်လိုင်စင် ရရှိရေးဆက်လက်၍ စိစစ်ထောက်ခံပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းအနေဖြင့် ကုမ္ပဏီတစ်ခုချင်း အလိုက်တင်သွင်းခွင့်ပြုသည့် ပမာဏအတိုင်း တင်သွင်းနိုင်မှု ရှိ-မရှိကို စိစစ်သွားမည်ဖြစ်ကြောင်း နှင့် အမှန်တကယ်တင်သွင်းနိုင်သူကိုသာ သွင်းကုန်လိုင်စင် ခွင့်ပြုသွားမည်ဖြစ်ကြောင်းသိရှိရပါ သည်။

ယူရီးယားဓာတ်မြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် တိုင်း ဒေသကြီးနှင့် ပြည်နယ်များတွင် ဓာတ်မြေသြဇာများကို ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချပေးမှု ရှိ-မရှိ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ရည်ညွှန်းဈေးနှုန်းအထက် ကျော်လွန် ရောင်းချနေမှုများနှင့် ဓာတ်မြေသြဇာများ သိုလှောင်၍ ဈေးကစားနေမှုများကိုလည်း သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်း၍ ဖော်ထုတ်လျက်ရှိကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ဓာတ်မြေ သြဇာများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးနိုင်ရေးအတွက် ယူရီးယားဓာတ်မြေသြဇာ ဝယ်ယူဖြန့်ဖြူး ရောင်းချရေးဦးဆောင်ကော်မတီအနေဖြင့် ၃ လတစ်ကြိမ် အစည်းအဝေး ပြုလုပ်လျက်ရှိကြောင်း၊ ဓာတ်မြေသြဇာနည်းပညာအဖွဲ့၏ ထောက်ခံချက်ရရှိပြီးသော လုပ်ငန်း များအတွက် ဓာတ်မြေသြဇာ တင်သွင်းခွင့်လိုင်စင် ၁၁၅၇၃ ခုကို ကော်မတီမှစိစစ်ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်း၊ ဆန္ဒအလျောက် တင်သွင်းခွင့်လိုင်စင်များ ဖျက်သိမ်းခဲ့မှုမှာ ၁၉၅၇ ခုရှိကြောင်း၊ လိုင်စင်သက်တမ်း ကုန်ဆုံး၍ ဌာနမှရုတ်သိမ်းခဲ့သည့် လိုင်စင်အရေအတွက်မှာ ၂၇၉၃ ခု ရှိကြောင်း၊ လက်ရှိတွင် လုပ်ငန်း ၃၈၂၃ ခုမှ ဓာတ်မြေသြဇာ တင်သွင်းခွင့်လိုင်စင်ရယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

Source: The Global New Light of Myanmar (6-1-2024)




EMBASSY OF MYANMAR, TOKYO

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ ၈ လတာ ကာလအတွင်း မြန်မာ့ဆန်ကို အင်ဒိုနီးရှားနိုင်ငံမှ အများဆုံးဝယ်ယူခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ ၈ လတာ ကာလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ မြန်မာ့ဆန် တန်ချိန် ၄၈၀,၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အများဆုံး တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ ၈ လတာ ကာလအတွင်း အောက်ပါအတိုင်း ဆန်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်-

**(တန်ချိန်)**




၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ ၈ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၈၀၄ သန်း ခန့်တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁.၇ သန်း ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ ဆန်တင်ပို့မှုလျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆန်၊ ဆန်ကွဲ၊ ပဲအမျိုးမျိုး၊ပြောင်း၊ ရာဘာနှင့် ရေထွက်ပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီများ၏ တင်ပို့နိုင်သည့်ပမာဏပေါ်မူတည်၍ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်း၍ ပို့ကုန်တင်ပို့မှု လွယ်ကူချောမွေ့စေရေးနှင့် ပို့ကုန်လျာထားချက် ပြည့်မီစေရေး ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရရှိရန် ရည်မှန်းဆောင်ရွက်ခဲ့သော်လည်း ဆန်တန်ချိန် ၁.၆ သန်းသာ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၅ သန်း ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂,၂၆၁,၂၀၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၅၃.၄၇၂ သန်းခန့် ရရှိခဲ့ပါသည်။

Source: The Global New Light of Myanmar (3-1-2025)

EMBASSY OF MYANMAR, TOKYO



## မြန်မာ့ပြောင်းများကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံမှ ပြောင်းတင်ပို့သူများအနေဖြင့် ထိုင်းနိုင်ငံသို့ အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့ အတွင်း Form-D ဖြင့် တင်သွင်းလာသည့် မြန်မာနိုင်ငံမှ ပြောင်းများကို အကောက်ခွန် ကင်းလွတ်ခွင့် ပြုပေးခဲ့ပါသည်။ ထိုင်းအစိုးရအနေဖြင့် ထိုင်းနိုင်ငံအတွင်း ပြောင်းထွက်ရှိသည့်အချိန်တွင် ပြည်ပမှတင်ပို့လာသည့် ပြောင်းများအပေါ် အမြင့်ဆုံးအကောက်ခွန်ဖြစ်သည့် ၇၃ ရာခိုင်နှုန်း သတ်မှတ်ကောက်ခံခြင်းဖြင့် ပြည်တွင်းပြောင်းစိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား ကာကွယ်ပေးလျက်ရှိပါသည်။ ထို့ကြောင့် ပြောင်းတင်ပို့သူများအနေဖြင့် ပြောင်းများကိုသိုလှောင်၍ အကောက်ခွန်ကင်းလွတ်ခွင့် ရရှိမည့်အချိန်တွင် တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့ပြောင်းကို အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ် နိုင်ငံတို့သို့ ပင်လယ်ရေကြောင်းမှ တစ်ဆင့် တင်ပို့လျက် ရှိပြီး၊ နယ်စပ်မှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့လည်း တင်ပို့လျက် ရှိပါသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာ့ပြောင်းကို Alternative Development Programme အရ နယ်စပ်မှ တစ်ဆင့် ဝယ်ယူလျက် ရှိပါသည်။ ၂၀၂၃ ခုနှစ် နှစ်ကုန်မှစတင်၍ တရုတ်နိုင်ငံ အနေဖြင့် မြန်မာ့ပြောင်းကို တရားဝင်ဝယ်ယူခဲ့ပြီး လက်ရှိတွင် မြန်မာနိုင်ငံမှ ကုမ္ပဏီ ၁၁၂ ခု အနေဖြင့် တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့ခွင့် ရရှိထားပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ နှစ်စဉ် ပြောင်းတန်ချိန် ၂ သန်းကျော် တင်ပို့လျက် ရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ပြောင်းကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိက စိုက်ပျိုးလျက် ရှိပါသည်။ မြန်မာနိုင်ငံတွင် ပြောင်းကို ဆောင်းရာသီ၊နွေရာသီနှင့်မိုးရာသီတို့တွင် စိုက်ပျိုးလျက် ရှိပြီး၊နှစ်စဉ်ပြောင်းတန်ချိန် ၂.၅ သန်းမှ ၃ သန်းအကြား ထွက်ရှိလျက်ရှိပါသည်။



**Source: The Global New Light of Myanmar (17-1-2025)**

## မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ပြည်ပနိုင်ငံများသို့ ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁ သန်း ဝင်ငွေရရှိခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၂၁ သန်း တန်ဖိုးရှိ ပုစွန်တန်ချိန် ၆,၂၅၀ တန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ ၁၄.၅ သန်းတန်ဖိုးရှိ ပုစွန်တန်ချိန် ၅,၀၇၀ တန်ကို ပင်လယ်ရေကြောင်းမှ တစ်ဆင့် တင်ပို့နိုင်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၆.၅ သန်းတန်ဖိုးရှိ ပုစွန်တန်ချိန် ၁,၁၇၀ တန်ကို နယ်စပ်မှတစ်ဆင့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပုစွန်ကို ဂျပန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်းစသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်သို့ နယ်စပ်ဂိတ်များနှင့် ပင်လယ်ရေကြောင်းတို့မှ တစ်ဆင့် တင်ပို့လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလ အတွင်း ငါးတန်ချိန် ၂၄၀,၀၀၀ ကျော်ကို တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၅၆.၆ သန်း ဝင်ငွေ ရရှိခဲ့ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပထမ ၈ လတာကာလအတွင်း ငါးတင်ပို့နိုင်မှုမှာ ယခင် နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၃၉.၃၄၄ သန်းပိုမိုများပြားခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

**Source: The Global New Light of Myanmar (15-1-2025)**



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ သန်းကျော် တန်ဖိုးရှိ မြန်မာ့ပျားရည်များ ပြည်ပသို့ တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လ တာကာလ အတွင်း အမေရိကန်ဒေါ်လာ ၁.၇၀၄ သန်းတန်ဖိုးရှိ ပျားရည် ၁,၁၀၀ တန်ကျော် တင်ပို့နိုင်ခဲ့ ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ထုတ်ပြန်ထားပါ သည်။

မြန်မာ့ပျားရည်ကို တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့သို့ အများဆုံး တင်ပို့လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပျားရည် တန်ချိန် ၂,၂၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိကအားဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ ရန်ကုန်တိုင်းဒေသကြီး ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ပျားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် နှမ်းပျားရည် (Sesame Honey) ၊ ဇီးပျားရည် (Jujube Honey) ၊ ပန်းနှမ်းပျားရည် (Niger Honey)၊ နေကြာပျားရည် (sunflower Honey)၊ လိုင်ချီးပျားရည် (Lychee Honey) နှင့် ပန်းပျားရည် (Flower Honey)တို့ ထွက်ရှိပြီး နှစ်စဉ် ပျားရည်တန်ချိန် ၄၀၀၀ ကျော် ထုတ်လုပ်နိုင်လျက်ရှိပါသည်။

နှစ်စဉ်ပျားရည်ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့လျက်ရှိပြီး ၄၀ ရာခိုင်နှုန်းကို ပြည်တွင်း၌ ရောင်းချလျက် ရှိပါသည်။ ပြည်တွင်းတွင် ပျားရည်ကို တိုင်းရင်းဆေးဝါးအဖြစ် အသုံးပြုလျက် ရှိပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ မြို့နယ် ၃၁ မြို့နယ်ရှိ အစိုးရပိုင် ပျားမွေးမြူရေးစခန်း များတွင် ပျားအုံပေါင်း ၆,၂၀၀ မွေးမြူလျက်ရှိပြီး၊ ပုဂ္ဂလိကပိုင် ပျားမွေးမြူရေးလုပ်ငန်းပေါင်း ၉၅၀ ကျော်တွင် ပျားအုံပေါင်း ၂ သိန်းနီးပါး မွေးမြူလျက် ရှိပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ သီးနှံစိုက်ဧက ၂ သန်းကျော်သည်လည်း နှစ်စဉ် ပျားဝတ်မှုန်ကူးခြင်းအတွက် အထောက်အပံ့ဖြစ်စေလျက်ရှိပြီး၊ သီးနှံစိုက်ခင်းများအနီးတွင် ပျားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် သီးနှံအထွက်နှုန်း တိုးတက်စေရေးနှင့် အရည်အသွေးကောင်းမွန်သော ပျားရည်ထုတ်လုပ်မှုအတွက် အထောက်အပံ့ဖြစ်စေလျက်ရှိကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO

**Source: The Global New Light of Myanmar (12-1-2025)**



EMBASSY OF MYANMAR

## မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ရော်ဘာတန်ချိန် ၁၅၀,၀၀၀ ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ရော်ဘာတန်ချိန် ၁၅၀,၀၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရော်ဘာတန်ချိန် ၃ သိန်းကျော် တင်ပို့နိုင်ရေး ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင် ထွက်ရှိသည့် ရော်ဘာများ၏ ၇၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့ လျက်ရှိပြီး၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဂျပန်နှင့် အခြားသောနိုင်ငံများသို့လည်း တင်ပို့လျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် ရော်ဘာကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးလျက် ရှိပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရော်ဘာထွက်ရှိသည့် ကာလတွင် ကောက်ယူခဲ့သည့် အချက်အလက်များအရ မြန်မာနိုင်ငံ၌ ရော်ဘာ စိုက်ဧက ၁.၆၂၈ သန်း ရှိပြီး၊ မွန်ပြည် နယ်တွင် ၄၉၇,၁၅၃ ဧက၊

တနင်္သာရီတိုင်းဒေသကြီးတွင် ၃၄၈,၃၄၄ ဧကနှင့် ကရင်ပြည်နယ် တွင် ၂၇ဝ,၇၆ဝ ဧက ရှိကြောင်း သိရှိရပါသည်။


**Source: The Global New Light of Myanmar (1-1-2025)**



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လတာ ကာလအတွင်း မြန်မာ့ဆန် တန်ချိန် ၂ သန်းကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၉၄၈ သန်းတန်ဖိုးရှိ မြန်မာ့ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂.၀၃ သန်းကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားပါ သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လတာ ကာလအတွင်း အောက်ပါအတိုင်း ဆန်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်-




မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လတာကာလအတွင်း ဆန်တန်ချိန် ၂ သန်းကျော်ကို ပင်လယ်ရေကြောင်းမှလည်းကောင်း၊ ဆန် တန်ချိန် ၃၀,၀၀၀ ကို နယ်စပ်ဂိတ်မှ တစ်ဆင့်လည်းကောင်း ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ ပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရရှိရန် ရည်မှန်းဆောင်ရွက်ခဲ့သော် လည်း ဆန်တန်ချိန် ၁.၆ သန်းသာ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၅ သန်း ရရှိခဲ့ပါ သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂,၂၆၁,၂၀၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၅၃.၄၇၂ သန်းခန့် ရရှိ ခဲ့ပါသည်။

Source: The Global New Light of Myanmar (9-1-2025)



EMBASSY OF MYANMAR

# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ထုံးစံကို UNESCO အမွေအနှစ်စာရင်းသို့ အမည်စာရင်းတင်သွင်းရန်ဆောင်ရွက်ခြင်း

မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကဲ့သို့ မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ထည့်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ယခုအခါ UNESCO ကမ္ဘာ့ဒြပ်မဲ့လူသား ယဉ်ကျေးမှုအမွေအနှစ်စာရင်း (UNESCO of Intangible Cultural Heritage of Humanity) သို့ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ထုံးစံကို ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထားစာရင်းတင်သွင်းရန် ပြင်ဆင်နေပြီး ဇန်နဝါရီလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ အဆိုပြုလွှာပုံစံ (ICH-02) တင်သွင်းနိုင်ရေးအတွက် လျှောက်လွှာတင်သွင်းမှု စုစည်းလုပ်ငန်းအဖွဲ့မှ စတင်ပြုစုနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ အများအပြားရှိသော်လည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းမရှိသေးပေ။ သို့သော်လည်း မြန်မာ့သနပ်ခါးကို ရိုးရာဓလေ့ထုံးတမ်းများအဖြစ် နှစ်ပေါင်းတစ်ထောင်ကျော်ကြာအောင် ဆွေစဉ်မျိုးဆက်နှင့် ယနေ့တိုင် အမွေဆက်ခံလာခဲ့ကြရာ ယနေ့ခေတ်တွင် မြန်မာ့ရိုးရာသနပ်ခါး အနုပညာသည် နိုင်ငံတော်၏ အရေးပါသော ယဉ်ကျေးမှုအမှတ်အသားတစ်ခုအဖြစ် ဆက်လက်တည်ရှိနေကာ ဂုဏ်ရှိ ဂရုတစိုက်ထိန်းသိမ်းထားနိုင်ခဲ့သည်။

ယူနက်စကိုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းရန်အတွက် စံသတ်မှတ်ချက်ငါးချက်နှင့်ကိုက်ညီသည့် မြန်မာ့သနပ်ခါးကို ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ရန် အဆိုပြုထားသည်။

EMBASSY OF MYANMAR, TOKYO



**မြန်မာ့အကောင်းဆုံးသနပ်ခါး**

## မန္တလေးမြို့ရှိ ရတနာပုံခေတ်လက်ရာ ရွှေနန်းတော်ကျောင်းကြီး

မန္တလေး ဇန်နဝါရီ ၂၁

၁၈၇၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် မင်းတုန်းမင်း နတ်ရွာစံပြီးနောက် သားတော် သီပေါမင်းက မြနန်းစံကျော်ရွှေနန်းတော်ရှိ မှန်နန်းဆောင်၏ မြောက်ဘက်ရှိ ဖခင်မင်းတုန်းမင်း စံမြန်းရာ နန်းဆောင်နှင့် စနုဆောင်ကို အောက်တိုဘာလ ၁၃ ရက်တွင်စနစ်တကျဖြုတ်သိမ်းခဲ့ပါသည်။ ၁၈၈၃ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်နေ့တွင် ယခုရွှေကျောင်းရှိရာနေရာတွင်ဘုန်းတော်ကြီးကျောင်းအဖြစ် ပြောင်းလဲဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ရွှေနန်းတော်ကျောင်းကြီးသည် နှစ်ပေါင်း (၁၃၀)ကျော် သက်တမ်းရှိပြီး မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ဒေါနဘွားရပ်ကွက်တွင်တည်ရှိပါသည်။ ၁၉ရာစု ကုန်းဘောင်ခေတ်ရှိ မြန်မာမှုဗိသုကာလက်ရာများကို အသုံးပြုထားပြီး ထိုခေတ်က ငွေဒင်္ဂါး တစ်သိန်း နှစ်သောင်းကျပ်ကုန်ကျခဲ့ပါသည်။ နန်းတော်မှပြောင်းလဲလာခဲ့သည့် ကျောင်းဖြစ်၍ ရွှေနန်းတော်ကျောင်းဟု အမည်ပေးခဲ့သော်လည်းကျောင်းတော် အတွင်းအပြင်တစ်ခုလုံးကို ရွှေပိန်းချထားသည့်အတွက် ရွှေကျောင်းဟု လူသိများလာပါသည်။

ကျောင်းကြီးတစ်ဆောင်လုံးတွင် အရှေ့အနောက်တိုင် (၁၅) လုံးတန်းနှင့် တောင်မြောက် (၁၀) လုံးတန်းရှိခြင်းကြောင့် တိုင်ပေါင်း (၁၅၀) တိုင်၊ ရှေ့နောက် ၁၁၆ ပေ ၊ တောင်မြောက် ၇၁ ပေ နှင့် အမြင့် ၆၀ ပေရှိပြီး၊ နဂါးရုပ်ထောက်တိုင်ပေါင်း (၅၄) တိုင်နှင့် သရက်ကင်းအုတ်လှေကား (၅)စင်းဖြင့် တည်ဆောက်ထားပါသည်။ ရွှေကျောင်းတစ်ခုလုံး၏ အတွင်း အပြင်နေရာလပ်မကျန်ဗိသုကာပညာရပ်ကို အခမ်းနားဆုံး အသုံးပြုထားပါသည်။ ခြူပန်း၊ ခြူနွယ်၊ အပြောက်အမွမ်း၊

EMBASSY OF MYANMAR, TOKYO

ရုပ်လုံးရုပ်ကြွ၊ နံရံကပ်ရုပ်ကြွ၊ ဇာတ်ကြီးဆယ်ဘွဲ့ထွင်းရုပ်ကြွများကို တွေ့မြင်နိုင်ပါသည်။ ကျောင်းထဲရှိ ကွန်းစင်တိုင်ခြေတွင် ဇာတ်ကြီးဆယ်ဘွဲ့ရုပ်ကြွများကို တိုင်ခြေတစ်ခုစီမှာ ဇာတ်တစ်ခုစီ ထွင်းထားပါသည်။

ထို့ပြင် ရွှေနန်းတော်ကျောင်းဘုရားဆောင်အတွင်းရှိ သစ်သားတိုင်လုံးများတွင် ဗုဒ္ဓမြတ်စွာ ဘုရားဖြစ်တော်စဉ် ဇာတ်တော်ကြီး ၁၀ ဘွဲ့ကို အလျား ၆ ပေ ၄ လက်မ၊ အထူ ၃ လက်မရှိသော ကျွန်းပြားပေါ်၌ ပန်းနွယ်ပန်းခက်များဖြင့် ရုပ်လုံးကြွသရုပ်ဖော်ထွင်းထုထားရာ ရေရှည်တည်တံ့ ရေးအတွက်လည်း ဆောင်ရွက်ထားရှိပါသည်။

ရွှေနန်းတော်ကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း၌ မပျက်စီးဘဲကျန်ရှိခဲ့ပြီး မြန်မာရိုးရာ ပန်းဆယ်မျိုးလက်ရာများကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်သည့် ယဉ်ကျေးမှုအရ အထင်ကရတစ်နေရာဖြစ်ပါသည်။




**ရွှေနန်းတော် ဘုန်းကြီးကျောင်းတော်ကြီး**



**ရွှေနန်းတော်ကျောင်းအတွင်းဘက်**

EMBASSY OF MY



**ရွှေနန်းတော်ကျောင်းအဝင်တံခါးပေါက်တစ်ခု**



**ရွှေနန်းတော်ကျောင်းရှိ စင်္ကြံလမ်း**

## ၂၀၂၄ ခုနှစ်၌ မြန်မာနိုင်ငံ၏ ပြည်တွင်းခရီးသွားဦးရေမှာ ၁၀ သန်းအထိ ရောက်ရှိခဲ့

၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းခရီးသွားဦးရေမှာ သိသိသာသာများပြား ခဲ့ပြီး ၁၀ သန်းအထိ ရှိခဲ့ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

၂၀၂၄ ခုနှစ်တွင် နိုင်ငံတကာမှ ခရီးသွားဧည့်သည်လာရောက်မှု ကျဆင်းခဲ့သော်လည်း ပြည်တွင်းခရီးသွားဦးရေမှာ သိသိသာသာ များပြားခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီကာလတွင် ပြည်တွင်းခရီးသွား ဦးရေမှာ ၅ သန်းကျော် ရှိခဲ့ကြောင်း၊ လက်ရှိတွင် ပြည်တွင်းခရီးသွားဦးရေမှာ ၂ ဆနီးပါး များပြားခဲ့ပြီး ၁၁ သန်းနီးပါးရှိခဲ့ကြောင်း သိရှိရပါ သည်။ ၂၀၂၄ ခုနှစ်တွင် ပြည်တွင်းခရီးသွား ဧည့်သည်များအနေဖြင့် ရှမ်းပြည်နယ်၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ကျိုက်ထီးရိုး၊ ဘားအံနှင့် ပဲခူးမြို့တို့သို့ အများဆုံး သွားရောက် လည်ပတ်ခဲ့ကြပြီး၊

လာမည့်လများအတွင်း မကွေးနှင့် ရွှေစက်တော်တို့သို့ သွားရောက်လည်ပတ်သူ များပြားလာနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်တွင်းခရီးသွား ဧည့်သည်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့သို့ အများဆုံး သွားရောက်လည်ပတ်လျက်ရှိကြောင်း သိရှိရပါသည်။

**Source: The Global New Light of Myanmar (24-1-2025)**



EMBASSY ... YO